
# လူကိုယ်တိုင် မဲပေးမလို့လား။ မိုဘိုင်းမဲပေးခွင့်လက်မှတ်ဖြင့် အချိန်ကုန်သက်သာအောင် လုပ်ပါ။




**သင့်အချိန်သည် တန်ဖိုးရှိပါသည်။** မဲပေးခွင့်လက်မှတ် သည် မဲစင်တာတွင် သင်အချိန်သိပ်မကုန်ရန် မဲရွေးချယ်ချက်များကို သင့်အိမ်မှ သက်သောင့်သက်သာ ပြုလုပ်နိုင်စေသည့် ကိရိယာတစ်ခုဖြစ်သည်။ သင်၏မဲများကို ချက်ချင်း လွှဲပြောင်းပြီး မဲပေးရန် သင်၏မိုင်ဘိုင်းမဲပေးခွင့်လက်မှတ်ကို L.A. ကောင်တီရှိ မည်သည့် မဲစင်တာ၌မဆို စကင်းဖတ်ပါ။

မဲပေးခွင့်လက်မှတ်သည် အွန်လိုင်းမှမဲပေးခြင်း **မဟုတ်ပါ။** ထို့အပြင် ယင်းသည် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များကို သိမ်းဆည်းမထားပါ။ သင်၏ရွေးချယ်ချက်များကိုသာ သင်၏ဖုန်း၊ ကွန်ပျူတာ သို့မဟုတ် ကိုယ်ပိုင်ကိရိယာ၌ သိမ်းဆည်းထားပါသည်။

## မဲပေးခွင့်လက်မှတ်ကို သုံးပြုပုံ-








၁။ **သင်၏နမူနာမဲပြားကို အမှတ်အသားပြုပါ။** မည်သည့်ကိရိယာမဆိုကို အသုံးပြု၍ LAVOTE.GOV/ISB သို့သွားပါ။ သင့်အမည်၊ လိပ်စာနှင့် ဇစ်ကုတ်တို့ကို ထည့်ပြီး ရွေးချယ်ချက်များကို ပြုလုပ်ပါ။

၂။ **သင်၏မဲပေးခွင့်လက်မှတ်ကို ပြုလုပ်ပါ။** မဲပေးခွင့်လက်မှတ် QR ကုတ်ကို ဒေါင်းလုဒ်လုပ်ပါ၊ သို့မဟုတ် ပုံနှိပ်ပြီး မဲပေးစင်တာသို့ သင်နှင့်အတူ ယူခဲ့ပါ။

၃။ **မဲထည့်ပါ။** မဲအမှတ်အသားပြုသည့် ကိရိယာသို့ သင်၏ရွေးချယ်ချက်များကို လွှဲပြောင်းပေးရန် မဲပေးစင်တာတွင် သင်၏မဲပေးခွင့်လက်မှတ် QR ကုတ်ကို စကင်းဖတ်ပါ။ သင်၏ရွေးချယ်ချက်များကို ပြန်လည်သုံးသပ်ပြီး မဲထည့်ပါ။

**စတင်ရန် LAVOTE.GOV/ISB တွင် ဝင်ရောက်ကြည့်ရှုပါ။**

## မေးလေ့မေးထရှိသည့် မေးခွန်းများ

**တုံ့ပြန်မှုရှိသော နမူနာမဲပြားဟူသည် အဘယ်နည်း။**
တုံ့ပြန်မှုရှိသော နမူနာမဲပြားသည် သင့်အားရွေးချယ်ချက်များ ပြုလုပ်စေပြီး မဲပေးခွင့်လက်မှတ် ပြုလုပ်ခွင့်ပေးမည့် ဒစ်ဂျစ်တယ်ပုံစံဖြင့် နမူနာမဲပြားစာအုပ် ဖြစ်သည်။

**မဲပေးခွင့်လက်မှတ်ဟူသည် အဘယ်နည်း။**
မဲပေးခွင့်လက်မှတ်သည် သင်၏ရွေးချယ်ချက်များ ပါရှိသည့် QR ကုတ်ဖြစ်သည်။ မဲပေးခွင့်လက်မှတ်မှ သင်၏ရွေးချယ်ချက်များကို မည်သည့်မဲပေးစင်တာ၌မဆို မဲအမှတ်အသားပြုလုပ်သည့် ကိရိယာတစ်ခုသို့ လွှဲပြောင်းနိုင်သည်။

**ကျွန်ုပ်၏ကိုယ်ရေးကိုယ်တာအချက်များကို မဲပေးခွင့်လက်မှတ်၌ သိမ်းဆည်းထားပါသလား။**
သိမ်းဆည်းမထားပါ။ မဲပေးခွင့်လက်မှတ်သည် သင်၏မဲအမျိုးအစားနှင့် ရွေးချယ်ချက်များကို သိမ်းဆည်းထားပါသည်။ သင့်အကြောင်း မည်သည့်အချက်အလက်ကိုမျှ သိမ်းဆည်းမထားပါ။

**ကျွန်ုပ်၏ရွေးချယ်ချက်များသည် လျှို့ဝှက်လား။**
ဟုတ်ကဲ့။ သင်၏ရွေးချယ်ချက်များကို သင်၏မဲပေးခွင့်လက်မှတ် သို့မဟုတ် ကိုယ်ပိုင်ကိရိယာတွင်သာ သိမ်းဆည်းထားပါသည်။

**ကျွန်ုပ်သည် တုံ့ပြန်မှုရှိသော နမူနာမဲပြားနှင့် မဲပေးခွင့်လက်မှတ်တို့ကို မသုံးမဖြစ် သုံးရမည်လား။**
မဟုတ်ပါ။ တုံ့ပြန်မှုရှိသော နမူနာမဲပြားနှင့် မဲပေးခွင့်လက်မှတ်တို့သည် မဲပေးစင်တာ၌ သင်မဲပေးသည့် အတွေ့အကြုံ လျင်မြန်စေရန်အတွက် သုံးလိုမှသာသုံးရန် ကိရိယာများ ဖြစ်ပါသည်။

**မဲပေးစင်တာတစ်ခု မည်သည့်နေရာတွင် တွေ့နိုင်မည်နည်း။**
မဲပေးစင်တာကို locator.lavote.gov/ တွင် ရှာနိုင်ပါသည်။

**သင်မဲပေးသည့်အခါ သင်ကိုယ်တိုင် အခြေအနေပြောင်းလဲရန် လုပ်ဆောင်ပါသည်။ သင်၏မဲပေးခွင့်လက်မှတ်ကို ယနေ့ဖြည့်ပြီး မဲပေးလိုက်ပါ။**

OFFICIAL INFORMATION